# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၆၉/ ၂၀၁၅ အား တင်ပြချက်

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၂၇-၇-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၆၉/၂၀၁၅ ဖြင့် ကုန်စည်လိုင်းပေါင်း (၄၄၀၅) လိုင်းအား သွင်းကုန် လိုင်စင်လျှောက်ထားရန် လိုအပ်သည့် ကုန်စည်စာရင်း( Negative List ) အဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာခဲ့ပါသည်။ ၎င်း အမိန့်ကြော်ငြာစာ၏ အဓိကအချက်များမှာ အောက်ပါ အတိုင်း ဖြစ်ကြောင်းဖော်ပြအပ်ပါသည်-

(က) ကုန်သွယ်ရေးဆိုင်ရာ ဖြေလျှော့မှုများအနက် တစ်ခုအနေဖြင့် ပို့ကုန်၊သွင်းကုန် လိုင်စင် လျှောက်ထားရန် မလိုသော ကုန်စည်အမယ်များစာရင်းကို တိုးမြှင့် သတ်မှတ်ပေးခဲ့သည့် အမိန့်ကြော်ငြာစာအမှတ်(၁၆/၂၀၁၃) ၊ (၃၃/၂၀၁၃) ၊ (၇၂/၂၀၁၃) နှင့် (၃၈/၂၀၁၄) တို့အား ဤအမိန့်ကြော်ငြာစာဖြင့်လွှမ်းမိုးပယ်ဖျက်လိုက်ကြောင်း ၊

(ခ) ယခင်ထုတ်ပြန်ထားသော သွင်းကုန်လိုင်စင် ရယူရန် မလိုသည့် ကုန်စည်လိုင်းအချို့အနေဖြင့် ၁-၈-၂၀၁၅ ရက်နေ့မှစတင်၍ ရက်ပေါင်း(၉၀) ပြည့်မြောက်ပါက သွင်းကုန်လိုင်စင်လျှောက်ထားရယူပြီးမှသာ တင်သွင်းသွားရန်ဖြစ်ကြောင်း၊

(ဂ) WTO ၏ Agreement on Import Licensing Procedures နှင့် အာဆီယံနိုင်ငံများ၌ ကျင့်သုံးလျက်ရှိသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ပြန်ခဲ့သည့် ဤအမိန့် ကြော်ငြာစာ သည် ၁-၈-၂၀၁၅ ရက်နေ့မှ စတင်၍ အကျိုးဝင်မည်ဖြစ်ကြောင်း ၊

(ဃ) သွင်းကုန်လိုင်စင် လျှောက်ထားရန် လိုအပ်သော ကုန်စည်အမယ်များစာရင်းကို အခါအားလျော်စွာ စိစစ်သုံးသပ်သွားမည်ဖြစ်ကြောင်း ၊

(င) တည်ဆဲဥပဒေ ၊ စည်းမျဥ်းစည်းကမ်းများအရ ပိတ်ပင်တားမြစ်ထားသော ကုန်စည်များနှင့် သီးခြားအမိန့်ကြော်ငြာစာများဖြင့် ထုတ်ပြန်ထားသော ကုန်စည်များတင်သွင်းခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသည့် ဥပဒေ ၊ နည်းဥပဒေ ၊ စည်းမျဥ်းစည်းကမ်းနှင့် ညွှန်ကြားချက်များအတိုင်းလိုက်နာဆောင်ရွက်ရန်ဖြစ်ကြောင်း ၊

၂။ သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သည့် ကုန်စည်လိုင်းပေါင်း(၄၄၀၅) လိုင်းစာရင်း(Negative List ) အား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်ဖြစ်သော www.commerce.gov.mm တွင်လေ့လာကြည့်ရှုနိုင်ကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာသံရုံး
ဒါကာမြို့